## မဂ္ဂင်ကျောင်းကို အာဏာပိုင်တွေ အတင်းပိတ်ခိုင်းတာ ဥပဒေနဲ့ မကိုက်ညီ
## ၂၈ နိုဝင်ဘာ ၂၀၀၇

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်မှာသတင်းသုံးတဲ့ သံဃာတော်တွေကို ၂ ပတ်အတွင်း ကျောင်းတိုက်ကနေ ထွက်ခွာသွားဖို့နဲ့ ကျောင်းကိုချိတ်ပိတ်မယ်ဆိုပြီး အကြောင်းကြားထားပါတယ်။ သံဃာပိုင်တဲ့ကျောင်းကို ဒီလိုချိတ်ပိတ်တယ်ဆိုတာဟာ တရားမဝင်ဘူးလို့ ပြည်ပရောက်မဟာထေတပါးက မိန့်ကြားပါတယ်။ ဥပဒေကြောင်းအရဆိုရင်လည်း အခုလို ချိတ်ပိတ်ဖို့ခိုင်လုံတဲ့အကြောင်းမရှိဘူးလို့ လက်ရှိကျောင်းထိုင်ဆရာတော်က ပြန်ပြီး စာဒကတက်ထားပါတယ်။ ဒီအကြောင်း ဦးကျော်ကျော်သိန်း က တင်ပြပေးထားပါတယ်။

သံဃာပိုင်ကျောင်းတကျောင်းကို တရားလက်လွတ် ချိတ်ပိတ်လို့မရဘူးလို့ မိန့်ကြားသူ မဟာထေကတော့ ပြည်ပသာသနာပြု မစိုးရိမ်တိုက်ဟောင်းဆရာတော်ကြီးဖြစ်ပါတယ်။

> "ကျောင်းတကျောင်းကို ချိတ်ပိတ်တယ်ဆိုတာ သံသနာ့နယ်မြေကိုလာပြီးတော့ စော်ကားတာပါပဲ။ ဒီကျောင်းက မတရားတာတွေလုပ်နေတယ်၊ ဝိနည်းနဲ့မညီတာတွေလုပ်နေတယ်ဆိုလို့ရှိရင် သံဃာ့နာယကအဖွဲ့ရဲ့ဆုံးဖြတ်ချက် ပါရတယ်။ သံဃာ့နာယကအဖွဲ့က ဒီကျောင်းကို ချိတ်ပိတ်ပါ၊ ပိတ်ပါလို့ဆိုမှ ဓမ္မစက်နဲ့ပြောမှ အာဏာစက်နဲ့ သိမ်းရမှာဖြစ်ပါတယ်။ သူတို့ ဒီအတိုင်းလာသိမ်းသွားတယ်ဆိုတာကတော့ ဒါကတော့ သူတို့က အာဏာနဲ့လုပ်နေတာကို။ သံဃာပိုင်တဲ့ကျောင်းတကျောင်းကို သူတို့က လာပြီးတော့ ချိတ်ပိတ်မယ်၊ သိမ်းမယ်ဆိုတာက တရားမဝင်ပါဘူး။"

ရန်ကုန်မြို့ကရှေ့နေကြီး ဦးအောင်သိန်းကတော့ သံဃာတော်တွေ သီတင်းသုံးနေထိုင်တဲ့ ကျောင်းတကျောင်းကို ချိတ်ပိတ်ဖို့ရာ ဥပဒေကြောင်းအရ လုပ်ဆောင်နိုင်တာတွေကို အခုလို ရှင်းပြပါတယ်။

> "ဒါဟာ သံဃဝတ္တကမြေလို့ သတ်မတ်ထားတဲ့မြေပေ့ါနော်။ အဲဒီလို သံဃဝတ္တကမြေလို ကိစ္စမျိုးကို ချိတ်ပိတ်မယ်၊ အရေးယူဆောင်ရွက်မယ်ဆိုရင် တိုင်းသံဃာ့မဟာနာယကတို့၊ မြို့နယ်သံဃာ့မဟာနာယကတို့၊ သာသနာအရေးဆိုင်ရာ ကိစ္စရပ်အနေနဲ့သာလျှင် ဒါဟာ အစည်းအဝေးဆုံးဖြတ်ပြီး ဆောင်ရွက်နိုင်တဲ့ကိစ္စရပ်တွေ။ ဥပဒေပြစ်မှုကို ချိုးဖောက်တယ်လို့ ပေါ်ပေါက်ရင်တော့ ပေါ်ပေါက်တဲ့အခါမှာ သော်ငှငင်း၊ ဒီကျောင်းမှာ အညင်းပွားမှုပြဿနာပေါ်ပေါက်လာတဲ့အခါမှာသော့ဝှင်းပေ့ါနော်၊ အဲဒီလိုဟာမျိုးမှာ မြို့နယ် မယကအနေနဲ့ ဝင်ရောက်ပြီးတော့၊ ထိန်းသိမ်းပြီးတော့ ချိတ်ပိတ်ထားမြစ်နိုင်တယ်ပေ့ါနော်။ ဒါကျင့်ထုံးပုဒ်မ (၁၄၅) အရ ဆောင်ရွက်နိုင်တယ်ပေ့ါ။ အဲဒီလိုမှမဟုတ်ပဲနဲ့၊ အကြောင်းပြချက်မရှိပဲနဲ့ သူ့ဟာသူတော့ ဥပဒေအရတော့ ဒီလို ခွင့်ပြုထားတာတော့ မရှိဘူးဗျ။"

အခုလို သံဃာတော်တွေ သီတင်းသုံးနေထိုင်နေတဲ့ကျောင်းတွေနဲ့ ပတ်သက်တဲ့ကိစ္စရပ်တွေမှာ အာဏာပိုင်အဖွဲ့အစည်းတွေက ဆောင်ရွက်တာထက် သံဃာ့ဝန်ဆောင်အဖွဲ့တွေကို အဆင့်ဆင့်တင်ပြ စာဒနာခံပြီးတော့မှ ဆောင်ရွက်ရတယ်လို့ မှတ်သားဖူးကြောင်းလည်း ဦးအောင်သိန်း က ပြောပါတယ်။ မဂ္ဂင်ကျောင်းရဲ့ လက်ရှိကျောင်းထိုင်ဆရာတော်က ဗဟို၊ တိုင်း၊ မြို့နယ် သံဃာ့ဝန်ဆောင်အဖွဲ့အစည်း အဆင့်ဆင့်ကို တင်ပြထားတယ်လို့ သူသိရကြောင်း ဦးအောင်သိန်း က ဆက်ပြောပြပါတယ်။

> "ကျနော်သိရသလောက်တော့ အခု လက်ရှိရှိနေတဲ့ မဂ္ဂင်ကျောင်းရဲ့လက်ရှိဆရာတော် ဘုန်းကြီးကတော့ ဒီကိစ္စတွေကို ဗဟိုသံဃာ့ဝန်ဆောင်ရော၊ တိုင်းသံဃာ့ဝန်ဆောင်ရော၊ မြို့နယ်သံဃာ့ဝန်ဆောင်ရော သူ တင်ပြထားတယ်ပေ့ါနော်။ သူ့ဖက်ကလည်း ဒီကိစ္စဟာ ဘာမှလည်း ပြဿနာတစုံတရာ သူ့မှာမရှိဘူး။ မရှိပဲနဲ့ ပြီးခဲ့တဲ့ကထိန်ပွဲကို အေးအေးချမ်းချမ်းလေး သူ့ဖက်က သူ လုပ်ဆောင်သွားနိုင်ခဲ့တယ်။ အဲဒီကြားထဲမှာ ဒီ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းက နှုတ်နဲ့ ချိတ်ပိတ်မယ်ဆိုပြီးတော့ လာပြောတဲ့အတွက် ဒီစာတွေကို သူ တရားဝင် တင်ပြထားပြီးဖြစ်ပါတယ်။ အဲဒီတော့ ဒီဖက်က အာဏာပိုင်အဖွဲ့က ဘယ်လိုဆက်လက်ဆောင်ရွက်မလဲဆိုတာပဲ ကျနော်တို့ စောင့်ကြည့်ဖို့ပဲလိုတော့တာပေ့ါဗျာ။"

အခုချိတ်ပိတ်မယ်လို့ အာဏာပိုင်တွေက ခြိမ်းခြောက်ခံထားရတဲ့မဂ္ဂင်ကျောင်းကတော့ ရာဇဝင်နဲ့ပါ။ ပျံလွန်တော်မူသွားပြီဖြစ်တဲ့ အရင်မူလ ကျောင်းထိုင်ဆရာတော်ကြီးဟာ ၁၉၉၀ ခုနှစ်က ဖမ်းဆီးအကျဉ်းချခံခဲ့ရဖူးပါတယ်။ အပြစ်ကတော့ **'Burma Under the Boot'** – **'**စစ်ဖိနပ်အောက်က မြန်မာပြည်**'** ဆိုတဲ့ တိုင်းမ်စ် **(Times)** မဂ္ဂဇင်းပါ သတင်းဆောင်းပါးကို ဘာသာပြန်လို့ပါတဲ့။ ဆရာတော်ကြီးပျံလွန်တော်မူသွားပြီးတဲ့နောက် ကျောင်းထိုင်ကိုယ်တော်ဖြစ်လာတဲ့ ဆရာတော်ကြီးရဲ့တပည့်သံဃာတပါးဖြစ်သူ အရှင် ဦးဣန္ဒက ဟာလည်း ၁၉၉၀ ပြည့်နှစ် ရဟန်းတော်တွေ ကံဆောင်သပိတ်မှောက်ပွဲမှာ ပါဝင်ခဲ့တာကြောင့် ပထမအကြိမ် ဖမ်းဆီး ထောင်ချခံခဲ့ရဖူးပါတယ်။ အခုလည်း စက်တင်ဘာလ ဆန္ဒပြပွဲတွေအပြီးမှာ ဖမ်းဆီးခံထားရပြန်ပါတယ်။

ဒါ့အပြင် ဒီကျောင်းဟာ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်တွေကို လက်ခံကုသပေးနေတဲ့ ကျောင်းလည်းဖြစ်ပါတယ်။ စက်တင်ဘာဆန္ဒပြပွဲတွေအပြီး အာဏာပိုင်တွေက လက်နက်ကိုင်တပ်တွေသုံးပြီးတော့ ကျောင်းကို ဝင်စီး၊ ကျောင်းရှိသံဃာအကုန်နီးပါးကို ဖမ်းဆီး၊ စသဖြင့် အကြမ်းဖက်ပြုကျင့်တာကိုလည်း နှစ်ကြိမ် ခံခဲ့ရတဲ့ ကျောင်းပါ။ အခုလို ကျောင်းမှာလက်ရှိသီတင်းသုံးနေတဲ့ သံဃာတော်တွေကို ကျောင်းကထွက်သွားခိုင်းတာတွေ၊ ကျောင်းကို ချိတ်ပိတ်မယ်ဆိုတာတွေ လုပ်လာတာကြောင့် ဒီကျောင်းရဲ့အစဉ်အဆက်လုပ်ဆောင်ချက်တွေကို လက်တုန့်ပြန်လေသလားလို့တောင် တွေးစရာပါ။

အာဏာပိုင်တွေက သူတို့အကြောင်းကြားထားသလို ကျောင်းကို ချိတ်ပိတ်လာမယ်ဆိုရင်တော့ ဥပဒေကြောင်းအရ လုပ်ဆောင်နိုင်ဖွယ်ရှိပါသေးတယ်လို့ ဦးအောင်သိန်း က ဆက်ပြောခဲ့ပါတယ်။

> "သူတို့က ဘာမှအကြောင်းပြချက်မရှိပဲနဲ့ ချိတ်ပိတ်တယ်ဆိုရင် ဒီချိတ်ကို ခွာပေးစေလိုမှု ကျနော်တို့က တရားရုံးတော်မှာ ဆောင်ရွက်နိုင်တဲ့အခွင့်အလမ်းတော့ ရှိပါသေးတယ်။"

အတည်မပြုနိုင်သေးတဲ့သတင်းတွေအရတော့ မဂ္ဂင်ကျောင်းပတ်ဝန်းကျင်မှာ လုံခြုံရေးတွေ တင်းတင်းကျပ်ကျပ် ချထားတယ်လို့ သိရပါတယ်။